သုံးဆောင်ရာအခါ၌ရင်း (ဘာ့ကြောင့် ခံယူသုံးဆောင်သည်) ဟု သတိ၏ အကြောင်းဖြစ်မှုသာ(သတိထားမှုသာ)အပ်၏။

ဆင်ခြင်မှုဉာဏ်သာ ပမာန ၌ ပစ္စယသန္နိဿိတ သီလ၌ ပစ္စည်းသုံးဆောင်ရသဖြင့် သာသနာ့ဝန်ကို ထမ်းနိုင်ခြင်း၊ ရောဂါကင်းခြင်း စသော အကျိုးကို ဆင်ခြင်တတ်သော ဉာဏ်သည်သာ ပမာန ဖြစ်၏၊ ထို့ကြောင့် နှုတ်တက်ရအောင် ကျက်ထားသော ပုတီးစိပ် ၄-ပုဒ်ကို အမှတ်တမဲ့ ရွတ်နေရုံမျှဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်ရာမရောက်၊ ဉာဏ်ဖြင့် စဉ်းစဉ်းစားစား ဆင်ခြင်မှုသာ ( ထို ရွတ်ဆိုအပ်သော ပါဠိဖြစ်စေ၊ မြန်မာဖြစ်စေ အဓိပ္ပါယ်ကို နားလည်မှုသာ ) ပစ္စဝေက္ခဏာ ဆင်ခြင်ရာ ရောက်သည်ဟု မှတ်ပါ။

**သုံးစွဲခြင်း ၄ မျိုး။** ။ပစ္စည်း ၄-ပါးကို သုံးစွဲရာ၌ သုံးစွဲနည်း ၄-မျိုးကို ကျမ်းစာတို့၌ ပြ၏၊ ၁-ထေယျပရိဘောဂ၊ ၂-ဣဏပရိဘောဂ၊ ၃-ဒါယဇ္ဇပရိဘောဂ၊ ၄-သာမိပရိဘောဂ တို့တည်း၊ ထိုတွင် ပါရာဇိက ကျနေသော ရဟန်း, လိင်ကျနေသော သာမဏေသည် ဒုဿီလ=သီလမရှိသူ မည်၏၊ မြတ်စွာဘုရားသည် ထို ဒုဿီလအား ပစ္စည်း ၄ ပါးကို သုံးစွဲဘို့ရန် ခွင့်ပြုတော်မမူ၊ အလှူရှင်တို့ကလည်း ဒုဿီလမှန်း သိလျှင် လှူကြမည်မဟုတ်၊ ထို့ကြောင့် ဒုဿီလပုဂ္ဂိုလ်၏ ဆွမ်းစသော ပစ္စည်းကို သုံးစွဲခြင်းသည် ခိုး၍ သုံးစွဲရာရောက်သောကြောင့် ထေယျပရိဘောဂ မည်၏၊ [ ထေယျ=ခိုးသူ၏ အဖြစ်ဖြင့် (ခိုး၍)+ပရိဘောဂေါ=သုံးစွဲခြင်း။]

သီလရှိသော်လည်း ပစ္စည်း ၄ ပါးကို (ဘာ့ကြောင့် သုံးစွဲရသည်ဟု) အကြောင်းကို မဆင်ခြင်ဘဲ သုံးစွဲခြင်း၊ သုံးစွဲ